**မြန်မာနိုင်ငံ စီးပွားရေး စောင့်ကြည့် အစီရင်ခံစာ ၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ**

**စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ**

- စီးပွားရေးပြုပြင်ပြောင်းလဲမှုများက စားသုံးသူနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်မှုရှိအောင် ပံ့ပိုးပေးသည့်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်းမှာ ၈.၅ % ခန့် ရှိခဲ့သည်ဟု ခန့်မှန်းပါသည်။
- ဝန်ဆောင်မှုကဏ္ဍ သည် တယ်လီဖုန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး ကဏ္ဍများ ထွန်းကားလာမှုကြောင့် စီးပွားရေး တိုးတက်မှု၏ အဓိက မောင်းနှင်အားတစ်ရပ် ဖြစ်လာခဲ့သည်။
- စိုက်ပျိုးရေးကဏ္ဍမှာ လွန်ခဲ့သည့် နှစ်နှစ်အတွင်း တိုးတက်မှု နှေးကွေးနေခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးထုတ်ကုန်များ တိုးလာခဲ့သည်။ ထုတ်လုပ်ရေးနှင့် စက်မှုထုတ်ကုန်များ အထူးသဖြင့် သဘာဝ ဓာတ်ငွေ့မှာလည်း အားကောင်းလာခဲ့သည်။
- ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို စိစစ်သုံးသပ်နေဆဲဖြစ်သော်လည်း ယခုနှစ်၏ ဆန်စပါး ထွက်ရှိမှုကို ထိခိုက်နိုင်ဖွယ်ရှိသည်။
- ၂၀၁၄-၂၀၁၅ တွင် ဘဏ္ဍာနှစ် အစိုးရ ဘတ်ဂျက်လိုငွေမှာ ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု (GDP) ၏ ၄ % ရှိခဲ့ပါသည်။
- ငွေကြေးဖောင်းပွမှု တက်နေပြီး၊ ၂၀၁၄ ခုနှစ် ဩဂုတ်လမှ ၂၀၁၅ ခုနှစ် ဇူလိုင်လ အထိ တစ်နှစ်အတွင်း ငွေကြေးဖောင်းပွနှုန်းမှာ ၁၀ % ရှိခဲ့သည်။
- အမေရိကန်ဒေါ်လာ တန်ဖိုး ခိုင်မာလာခြင်း၊ စာရင်းရှင်လိုငွေ (Current Account Deficit) မြင့်တက်လာခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နှေးကွေးလာခြင်း တို့ကြောင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအထိ တစ်နှစ်အတွင်း နိုင်ငံခြား ငွေလဲလှယ်နှုန်း ၂၀% ခန့် လျော့ကျခဲ့သည်။

**စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်မှု**

- ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ၆.၅ % ရှိမည်ဟု ခန့်မှန်းထားသည်။ သို့သော် ဤခန့်မှန်းမှုသည် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပွားခဲ့သည့် ထိခိုက်မှုများ၏ အသေးစိတ်များ သိရှိလာပါက ပြောင်းလဲနိုင်ပါသည်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ငွေကြေးဖောင်းပွနှုန်းသည် ၁၁.၃ % အထိ တက်လာမည်ဟု ခန့်မှန်းထားသည်။ ယင်းမှာ ရေကြီးရေလျှံမှုနှင့် မြန်မာငွေကြေး တန်ဖိုး ကျဆင်းမှုကြောင့် ဖြစ်ပေါ်လာသည့် ရောင်းလိုအား ဖိအားများ (supply pressures) ကြောင့် ဖြစ်သည်။
- ရေကြီးရေလျှံမှုအလွန်ကာလ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သွင်းကုန်လိုအပ်ချက်နှင့် စိုက်ပျိုးရေးပို့ကုန်များ နှေးကွေးမှုတို့ကြောင့် စာရင်းရှင် စာရင်း (current account) မှာ ဖိအားများရှိမည်။

- စီးပွားရေး အလားအလာမှာ အလယ်အလတ်ကာလတွင် ခိုင်မာဆဲဖြစ်သော်လည်း ပိုမို ဆင်းရဲသည့် အိမ်ထောင်စုများအပေါ် ရေကြီး ရေလျှံမှုဒဏ်၏ အကျိုးသက်ရောက်မှုများကို ထည့်သွင်း စဉ်းစားပေးရေးသည် စိန်ခေါ်မှု တစ်ရပ် ဖြစ်သည်။

## မူဝါဒကို စောင့်ကြည့်လေ့လာခြင်း

- ကာလတို မက်ခရို စီးပွားရေး ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် နှုန်းရှင် ငွေ လဲလှယ်မှု(Exchange Rate Fexlibility)၊ ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေး မူဝါဒများကို ဆက်လက် ကြိုးကြပ် ဆောင်ရွက်သွားရမည်။
- ခိုင်မာသည့် တိုးတက်မှုသည် စီးပွားရေး ဆောင်ရွက်မှု ဂန်းကျင်ကို အားကောင်းစေခြင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ ခေတ်မီတိုးတက်စေခြင်းနှင့် ပြည်သူ့ ကြွေးမြီစီမံခန့်ခွဲမှု အားကောင်းစေခြင်း အစရှိသည့် မက်ခရို စီးပွားရေးဆိုင်ရာ လက်ရှိ အခြေခံဖွဲ့စည်း တည်ဆောက်မှု ပြုပြင် ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်မှုအပေါ် မူတည်နေပါသည်။
- ငွေကြေးအရင်းအနှီးများ လက်လှမ်းမီရရှိနိုင်စေရန် ထည့်သွင်း စဉ်းစား ဆောင်ရွက်မှုများသည် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲသော အိမ်ထောင်စုများအတွက် အဓိကကျသည်။